ကန့်သတ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်

# ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ

၂၀၂၀ ပြည့်နှစ် ၊ စက်တင်ဘာလ

ကန့်သတ်

၂၀၂၀ -၂၀၂၁ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ

(၂၀၂၀ ပြည့်နှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၅။)

၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်

( ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၄ ရက် )

## မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | ၂ | ၃ | ၄ |
| ၁ | အခန်း(၁) အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပါယ် ဖော်ပြချက် | ၁ | ၃ |
| ၂ | အခန်း(၂) စီမံကိန်းရည်မှန်းချက်များ | ၃ | ၅ |
| ၃ | အခန်း(၃) အထွေထွေ | ၅ | ၆ |

# ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ

## (၂၀၂၀ ပြည့်နှစ် ၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၅ ။ )

## ၁၃၈၂ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် ၂ ရက်

## (၂၀၂၀ ပြည့်နှစ် ၊ စက်တင်ဘာလ ၄ ရက်)

## နိဒါန်း

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း၊ နိုင်ငံတော်၏စီးပွားရေးမူဝါဒ(၁၂)ရပ် ၊ COVID- 19 စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်နှင့် ရှမ်းပြည်နယ်၏ ရည်မှန်းချက်များဖြစ်သော ပြည်နယ်အတွင်း စားနပ်ရိက္ခာ ဖူလုံပိုလျှံစေရေးနှင့် စိုက်ပျိုးရေးအခြေခံသော စက်မှုလုပ်ငန်းများဘက်ညီစွာ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပြည်နယ်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်သည့် အခြေခံအဆောက်အအုံများ ဦးစားပေးဆောင်ရွက်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းမြင့်မားသော စီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများကိုပံ့ပိုးကူညီရန်၊ ပြည်နယ်အတွင်း လူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွား နယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်စေရန်၊ သဘာဝပတ်ဝန်းကျင်ကိုအခြေခံသော ခရီးသွားလုပ်ငန်း မြှင့်တင်ခြင်းဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်နယ်အတွင်း ပုဂ္ဂလိကကဏ္ဍ တိုးတက်ရေး အတွက် နိုင်ငံသားတိုင်း မိမိလုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့် ရရှိစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်စေရန်တို့ကို အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ရှမ်းပြည်နယ် လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်၊စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အတွက် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁) ရက်နေ့မှစတင်၍ရှမ်းပြည်နယ်တစ်ဝန်းလုံးတွင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အတွက် ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင် ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဒေသန္တရစီမံကိန်း** ဆိုသည်မှာရှမ်းပြည်နယ်၏ လူမှုစီးပွားရေးတစ်ရပ်လုံး အတွက်ဖြစ်စေ၊ ပြည်နယ်အဆင့်ဌာန/ ကဏ္ဍအလိုက်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသအလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့ မည်မျှ တိုးတက်ရမည်ဆိုသည့်ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ရည်မှန်းချက်များနှင့်လုပ်ငန်းအစီအစဉ်များဖြစ်သည်။ဒေသန္တရစီမံကိန်းများ၌ကဏ္ဍအလိုက်ဖြစ်စေ၊ဒေသအလိုက်ဖြစ်စေ၊ ဝိသေသပြု ရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ခေတ်မီစိုက်ပျိုးရေးနည်းပညာကိုအခြေခံသော စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးရေးစီမံကိန်း၊မြို့ပြဖွံ့ဖြိုးတိုးတက်ရေး နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းစသည့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ဘက်စုံ ဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း ရှမ်းပြည်နယ်၏ စီးပွားရေး တစ်ရပ်လုံးအတွက်ဖြစ်စေ ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း နှင့် ဒေသ အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **ဘဏ္ဍာနှစ်** ဆိုသည်မှာ အောက်တိုဘာလ(၁)ရက်နေ့မှ စက်တင်ဘာလ(၃၀)ရက်နေ့ အထိကာလဖြစ်ပါသည်။

(ဃ) **နှစ်ကုန်ခန့်မှန်းခြေ**ဆိုသည်မှာ ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မည့် အခြေအနေတို့ကိုပေါင်းစပ်ခန့်မှန်းထားခြင်းဖြစ်သည်။

(င) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(စ) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဆ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ** ဆိုသည်မှာ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း နှင့် ဒေသ ဦးစီးအဖွဲ့များ၊ သက်ဆိုင်ရာ ပြည်နယ်အဆင့်ဌာနနှင့်အဖွဲ့အစည်းများ ၊ စည်ပင်သာယာရေးကော်မတီများကို ဆိုသည်။

## အခန်း(၂)

## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း၏ အဓိကကျသည့် စီမံကိန်း ရည်မှန်းချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး ( GDP )ကို ပုံမှန်ဈေးနှုန်းအရ ၄.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ -

(၁) လယ်ယာကဏ္ဍတွင် ၀.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၆.၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၆.၆ ရာခိုင်နှုန်းလျော့နည်းရန်၊

(၄) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၃.၅ ရာခိုင်နှုန်းတိုးတက်ရန်၊

(၅) စက်မှုလက်မှုကဏ္ဍတွင် ၃.၄ ရာခိုင်နှုန်းတိုးတက်ရန်၊

(၆) လျှပ်စစ်ဓါတ်အားကဏ္ဍတွင် ၅.၀ ရာခိုင်နှုန်းတိုးတက်ရန်၊

(၇) ဆောက်လုပ်မှုကဏ္ဍတွင် ၄.၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(၈) ပို့ဆောင်ရေးကဏ္ဍတွင် ၈.၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(၉) ဆက်သွယ်ရေးကဏ္ဍတွင် ၉.၁ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၀) ငွေရေးကြေးရေးကဏ္ဍတွင် ၅.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၁) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၁.၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၂) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၉.၀ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၃) ကုန်သွယ်မှုကဏ္ဍတွင် ၆.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသအလိုက် တိုးတက်မှုနှုန်းများမှာပုံမှန်ဈေးနှုန်းအရ-

(၁) "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင် ၂.၀ ရာခိုင်နှုန်းတိုးတက်ရန်၊

(၂) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၂.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၃) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၂.၃ ရာခိုင်နှုန်းတိုးတက်ရန်၊

(၄) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၃.၅ ရာခိုင်နှုန်းတိုးတက်ရန်၊

(၅) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၄.၆ ရာခိုင်နှုန်းတိုးတက်ရန်၊

(ဃ) စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၁.၆ ရာခိုင်နှုန်း မှ ၃၀.၄ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၅.၂ ရာခိုင်နှုန်း မှ ၂၅.၃ ရာခိုင်နှုန်းသို့လည်းကောင်း ၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၃.၂ ရာခိုင်နှုန်းမှ ၄၄.၃ ရာခိုင်နှုန်း သို့လည်းကောင်းအသီးသီးဖြစ်ပေါ်စေရန်၊

(င) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် ပုံမှန်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို၂.၄ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၃.၈ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၇.၃ ရာခိုင်နှုန်း သို့ အသီးသီးဖြစ်ပေါ်စေရန်၊

(စ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) မှာ နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁,၀၉၄,၈၀၀ ကျပ်သို့ ဖြစ်ပေါ်စေရန်၊

(ဆ) ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့်နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၂၂၇,၃၂၂.၇၄၃ သန်း (ကျပ်ဘီလီယံ ၂၂၇.၃၂၃) ရင်းနှီးမြှုပ်နှံရန်၊

## အခန်း(၃)

## အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ပူးတွဲ (၁) ၊ (၂) ၊ (၃) ၊ (၄) ၊ (၅) ၊ (၆) တို့တွင် ဖော်ပြထားသော ဒေသန္တရစီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက်၊ ဒေသအလိုက် လိုအပ်သော လုပ်ငန်းအစီအစဉ်များ နှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲ ဆောင်ရွက် နိုင်သည်။

၆။ ရှမ်းပြည်နယ်၏ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ် ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ ပန်းတိုင်များ၊ မဟာဗျူဟာများ၊လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ရမည်။


၇။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက် လျာထားခြင်း ၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှ စတင်ပြီး စီမံကိန်း၊ ဘဏ္ဍာရေး နှင့် စက်မှုဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနအပါအဝင် သက်ဆိုင်ရာ မဲဆန္ဒနယ် အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝ ပူးပေါင်း ဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်သည့်ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများ ကို တည်ဆဲဥပဒေ ၊ နည်းဥပဒေ ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာန နှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အတွက် ဒေသန္တရစီမံကိန်းရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင် ပါရှိသည့် ဆောင်ရွက်မည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊အမိန့်ညွှန်ကြားချက်၊လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရမည်။

၉။ ရှမ်းပြည်နယ်အစိုးရအဖွဲ့သည်ဤဥပဒေပါပြဋ္ဌာန်းချက်များအရယင်းတို့နှင့်သက်ဆိုင်သည့် ဒေသန္တရစီမံကိန်းရည်မှန်းချက်များကိုအကောင်အထည်ဖော်ရာတွင်လိုအပ်သည့်စီစဉ်မှုများချမှတ် ကျင့်သုံးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ်လက်မှတ်ရေးထိုးသည်။



(ပုံ) ဒေါက်တာလင်းထွဋ်

ဝန်ကြီးချုပ်

ရှမ်းပြည်နယ်အစိုးရအဖွဲ့

ပူးတွဲ(၁)

## ရှမ်းပြည်နယ်၏
## ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအတွက်
## ကဏ္ဍကြီးများအလိုက်စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး
## (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | ၁၇၆၀၇၁၉.၂ | ၃၂.၂ | ၁၈၀၃၇၈၄.၉ | ၃၁.၅ | ၂.၄ |
| | ၁ | လယ်ယာ | ၁၂၆၆၃၆၉.၂ | ၂၃.၂ | ၁၂၇၇၁၆၂.၉ | ၂၂.၃ | ၀.၉ |
| | ၂ | သားငါး | ၄၈၇၆၇၃.၂ | ၈.၉ | ၅၂၀၃၈၆.၅ | ၉.၁ | ၆.၇ |
| | ၃ | သစ်တော | ၆၆၇၆.၈ | ၀.၁ | ၆၂၃၅.၅ | ၀.၁ | -၆.၆ |
| ၂ | | **စက်မှုကဏ္ဍကြီး** | ၁၃၂၈၁၈၆.၄ | ၂၄.၃ | ၁၃၇၈၉၅၅.၈ | ၂၄.၁ | ၃.၈ |
| | ၁ | စွမ်းအင် | | | | | |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၄၅၇၅၆.၈ | ၂.၇ | ၁၅၀၈၀၆.၂ | ၂.၆ | ၃.၅ |
| | ၃ | စက်မှုလက်မှု | ၅၆၇၀၁၃.၆ | ၁၀.၄ | ၅၈၆၄၁၀.၁ | ၁၀.၃ | ၃.၄ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၈၉၄၂၈.၇ | ၁.၆ | ၉၃၈၉၈.၄ | ၁.၆ | ၅.၀ |
| | ၅ | ဆောက်လုပ်မှု | ၅၂၅၉၈၇.၃ | ၉.၆ | ၅၄၇၈၄၁.၁ | ၉.၆ | ၄.၂ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | ၂၃၆၂၃၃၅.၁ | ၄၃.၅ | ၂၅၃၄၈၄၉.၃ | ၄၄.၄ | ၇.၃ |
| | ၁ | ပို့ဆောင်ရေး | ၄၃၁၈၅၃.၈ | ၇.၉ | ၄၆၇၂၈၃.၈ | ၈.၂ | ၈.၂ |
| | ၂ | ဆက်သွယ်ရေး | ၁၈၂၅၆၈.၄ | ၃.၅ | ၁၉၉၂၄၅.၇ | ၃.၅ | ၉.၁ |
| | ၃ | ငွေရေးကြေးရေး | ၁၆၁၄၀.၂ | ၀.၃ | ၁၇၀၈၅.၆ | ၀.၃ | ၅.၉ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၈၃၂၀၉.၃ | ၃.၄ | ၁၈၆၃၂၁.၈ | ၃.၃ | ၁.၇ |
| | ၅ | အခြားဝန်ဆောင်မှု | ၄၅၉၃၀၅.၁ | ၈.၄ | ၅၀၀၈၃၆.၃ | ၈.၈ | ၉.၀ |
| | ၆ | ကုန်သွယ်မှု | ၁၀၈၉၂၅၈.၃ | ၂၀.၀ | ၁၁၆၄၀၇၆.၁ | ၂၀.၃ | ၆.၉ |
| ၄ | | စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) | ၅၄၅၁၂၄၀.၇ | ၁၀၀.၀ | ၅၇၁၇၅၉၀.၀ | ၁၀၀.၀ | ၄.၉ |

ပူးတွဲ(၂)

# ရှမ်းပြည်နယ်၏
# ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအတွက်
# ကဏ္ဍအလိုက်စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး
# (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၃၀၈၈၉၀၅.၆** | **၅၆.၅** | **၃၁၈၂၇၄၀.၇** | **၅၅.၆** | **၃.၀** |
| | ၁ | လယ်ယာ | ၁၂၆၆၃၆၉.၂ | ၂၃.၂ | ၁၂၇၇၁၆၂.၉ | ၂၂.၃ | ၀.၉ |
| | ၂ | သားငါး | ၄၈၇၆၇၃.၂ | ၈.၉ | ၅၂၀၃၈၆.၅ | ၉.၁ | ၆.၇ |
| | ၃ | သစ်တော | ၆၆၇၆.၈ | ၀.၁ | ၆၂၃၅.၅ | ၀.၁ | -၆.၆ |
| | ၄ | စွမ်းအင် | | | | | |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၄၅၇၅၆.၈ | ၂.၇ | ၁၅၀၈၀၆.၂ | ၂.၆ | ၃.၅ |
| | ၆ | စက်မှုလက်မှု | ၅၆၇၀၁၃.၆ | ၁၀.၄ | ၅၈၆၄၁၀.၁ | ၁၀.၃ | ၃.၄ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၈၉၄၂၈.၇ | ၁.၆ | ၉၃၈၉၈.၄ | ၁.၆ | ၅.၀ |
| | ၈ | ဆောက်လုပ်မှု | ၅၂၅၉၈၇.၃ | ၉.၆ | ၅၄၇၈၄၁.၁ | ၉.၆ | ၄.၂ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၂၇၃၀၇၆.၈** | **၂၃.၅** | **၁၃၇၀၇၇၃.၂** | **၂၄.၁** | **၇.၇** |
| | ၁ | ပို့ဆောင်ရေး | ၄၃၁၈၅၃.၈ | ၇.၉ | ၄၆၇၂၈၃.၈ | ၈.၂ | ၈.၂ |
| | ၂ | ဆက်သွယ်ရေး | ၁၈၂၅၆၈.၄ | ၃.၅ | ၁၉၉၂၄၅.၇ | ၃.၅ | ၉.၁ |
| | ၃ | ငွေရေးကြေးရေး | ၁၆၁၄၀.၂ | ၀.၃ | ၁၇၀၈၅.၆ | ၀.၃ | ၅.၉ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၈၃၂၀၉.၃ | ၃.၄ | ၁၈၆၃၂၁.၈ | ၃.၃ | ၁.၇ |
| | ၅ | အခြားဝန်ဆောင်မှု | ၄၅၉၃၀၅.၁ | ၈.၄ | ၅၀၀၈၃၆.၃ | ၈.၈ | ၉.၀ |
| ၃ | | **ကုန်သွယ်မှု** | **၁၀၈၉၂၅၈.၃** | **၂၀.၀** | **၁၁၆၄၀၇၆.၁** | **၂၀.၃** | **၆.၉** |
| ၄ | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၅၄၅၁၂၄၀.၇** | **၁၀၀.၀** | **၅၇၁၇၅၉၀.၀** | **၁၀၀.၀** | **၄.၉** |

ပူးတွဲ(၃)

## ရှမ်းပြည်နယ်၏
## ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအတွက်
## ကဏ္ဍကြီးများအလိုက်စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး
## (နှစ်အလိုက်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၂၀၇၉၅၆၅.၆** | **၃၁.၆** | **၂၁၆၈၀၄၂.၃** | **၃၀.၄** | **၄.၃** |
| | ၁ | လယ်ယာ | ၁၄၇၅၄၁၈.၀ | ၂၂.၄ | ၁၄၉၀၂၁၃.၉ | ၂၀.၉ | ၁.၀ |
| | ၂ | သားငါး | ၅၉၆၂၁၇.၅ | ၉.၁ | ၆၇၀၂၇၇.၃ | ၉.၄ | ၁၂.၄ |
| | ၃ | သစ်တော | ၇၉၃၀.၁ | ၀.၁ | ၇၅၅၁.၁ | ၀.၁ | -၄.၈ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၁၆၆၂၉၆၄.၉** | **၂၅.၂** | **၁၈၁၀၄၈၆.၃** | **၂၅.၃** | **၈.၉** |
| | ၁ | စွမ်းအင် | | | | | |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၆၅၄၉၆.၉ | ၂.၅ | ၁၇၇၇၉၆.၄ | ၂.၅ | ၇.၄ |
| | ၃ | စက်မှုလက်မှု | ၆၈၂၁၂၈.၀ | ၁၀.၄ | ၇၃၁၇၇၄.၉ | ၁၀.၂ | ၇.၃ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁၃၅၈၇၀.၀ | ၂.၀ | ၁၄၈၅၈၁.၅ | ၂.၁ | ၉.၄ |
| | ၅ | ဆောက်လုပ်မှု | ၆၇၉၄၇၀.၀ | ၁၀.၃ | ၇၅၂၃၃၃.၅ | ၁၀.၅ | ၁၀.၇ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၈၃၇၄၄၁.၈** | **၄၃.၂** | **၃၁၆၆၁၂၂.၈** | **၄၄.၃** | **၁၁.၆** |
| | ၁ | ပို့ဆောင်ရေး | ၄၆၈၉၆၇.၂ | ၇.၁ | ၅၂၁၂၈၈.၈ | ၇.၃ | ၁၁.၂ |
| | ၂ | ဆက်သွယ်ရေး | ၁၆၂၃၆၁.၂ | ၂.၅ | ၁၇၅၈၂၃.၉ | ၂.၅ | ၈.၃ |
| | ၃ | ငွေရေးကြေးရေး | ၁၆၁၄၀.၂ | ၀.၂ | ၁၇၀၀၄.၃ | ၀.၂ | ၅.၄ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၂၀၀၅၂၂.၅ | ၃.၀ | ၂၀၃၉၆၇.၃ | ၂.၉ | ၁.၇ |
| | ၅ | အခြားဝန်ဆောင်မှု | ၅၉၁၂၆၅.၈ | ၉.၀ | ၆၈၂၄၃၆.၈ | ၉.၅ | ၁၅.၄ |
| | ၆ | ကုန်သွယ်မှု | ၁၃၉၈၁၈၄.၉ | ၂၁.၄ | ၁၅၆၅၆၀၁.၇ | ၂၁.၉ | ၁၂.၀ |
| ၄ | | **စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၆၅၇၉၉၇၂.၃** | **၁၀၀.၀** | **၇၁၄၄၆၅၁.၄** | **၁၀၀.၀** | **၈.၆** |

ပူးတွဲ(၄)

# ရှမ်းပြည်နယ်၏
# ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအတွက်
# ကဏ္ဍအလိုက်စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး
## (နှစ်အလိုက်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၃၇၄၂၅၃၀.၅** | **၅၆.၈** | **၃၉၇၈၅၂၈.၆** | **၅၅.၇** | **၆.၃** |
| | ၁ | လယ်ယာ | ၁၄၇၅၄၁၈.၀ | ၂၂.၄ | ၁၄၉၀၂၁၃.၉ | ၂၀.၉ | ၁.၀ |
| | ၂ | သားငါး | ၅၉၆၂၁၇.၅ | ၉.၁ | ၆၇၀၂၇၇.၃ | ၉.၄ | ၁၂.၄ |
| | ၃ | သစ်တော | ၇၉၃၀.၁ | ၀.၁ | ၇၅၅၁.၁ | ၀.၁ | -၄.၈ |
| | ၄ | စွမ်းအင် | | | | | |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၆၅၄၉၆.၉ | ၂.၅ | ၁၇၇၇၉၆.၄ | ၂.၅ | ၇.၄ |
| | ၆ | စက်မှုလက်မှု | ၆၈၂၁၂၈.၀ | ၁၀.၄ | ၇၃၀၇၇၄.၉ | ၁၀.၂ | ၇.၃ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁၃၅၈၇၀.၀ | ၂.၀ | ၁၄၈၅၈၁.၅ | ၂.၁ | ၉.၄ |
| | ၈ | ဆောက်လုပ်မှု | ၆၇၉၄၇၀.၀ | ၁၀.၃ | ၇၅၂၃၃၃.၅ | ၁၀.၅ | ၁၀.၇ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၄၃၉၂၅၆.၉** | **၂၁.၈** | **၁၆၀၀၅၂၁.၁** | **၂၂.၄** | **၁၁.၂** |
| | ၁ | ပို့ဆောင်ရေး | ၄၆၈၉၆၇.၂ | ၇.၁ | ၅၂၁၂၈၈.၈ | ၇.၃ | ၁၁.၂ |
| | ၂ | ဆက်သွယ်ရေး | ၁၆၂၃၆၁.၂ | ၂.၅ | ၁၇၅၈၂၃.၉ | ၂.၅ | ၈.၃ |
| | ၃ | ငွေရေးကြေးရေး | ၁၆၁၄၀.၂ | ၀.၂ | ၁၇၀၀၄.၃ | ၀.၂ | ၅.၄ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၂၀၀၅၂၂.၅ | ၃.၀ | ၂၀၃၉၆၇.၃ | ၂.၉ | ၁.၇ |
| | ၅ | အခြားဝန်ဆောင်မှု | ၅၉၁၂၆၅.၈ | ၉.၀ | ၆၈၂၄၃၆.၈ | ၉.၅ | ၁၅.၄ |
| ၃ | | **ကုန်သွယ်မှု** | **၁၃၉၈၁၈၄.၉** | **၂၁.၄** | **၁၅၆၅၆၀၁.၇** | **၂၁.၉** | **၁၂.၀** |
| ၄ | | စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) | ၆၅၇၉၉၇၂.၃ | ၁၀၀.၀ | ၇၁၄၄၆၅၁.၄ | ၁၀၀.၀ | ၈.၆ |

ပူးတွဲ(၅)

# ရှမ်းပြည်နယ်၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများ၏
# ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းရည်မှန်းချက်
# စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး
# (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း | ၂၇၂၀၃၆.၈ | ၅.၀ | ၂၇၇၄၁၁.၃ | ၄.၉ | ၂.၀ |
| ၂ | ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၃၀၈၀၆၇.၁ | ၅.၇ | ၃၁၇၁၀၅.၆ | ၅.၅ | ၂.၉ |
| ၃ | ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၁၅၇၉၅၁.၉ | ၂.၉ | ၁၆၁၆၀၈.၉ | ၂.၈ | ၂.၃ |
| ၄ | ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၇၆၁၆၀.၃ | ၁.၄ | ၇၈၈၄၈.၇ | ၁.၄ | ၃.၅ |
| ၅ | ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၈၈၇၇၀.၇ | ၁.၆ | ၉၂၈၃၅.၅ | ၁.၆ | ၄.၆ |

ပူးတွဲ(၆)

# ရှမ်းပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများ၏
# ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း ရည်မှန်းချက်
# စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး
# (နှစ်အလိုက်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း | ၃၁၅၃၉၂.၇ | ၄.၈ | ၃၃၆၃၁၄.၉ | ၄.၇ | ၆.၆ |
| ၂ | ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၄၂၁၈၇၂.၉ | ၆.၄ | ၄၄၂၆၂၁.၅ | ၆.၂ | ၄.၉ |
| ၃ | ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၁၉၅၀၆၁.၀ | ၃.၀ | ၂၀၅၀၄၉.၅ | ၂.၉ | ၅.၁ |
| ၄ | ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၉၂၈၁၅.၈ | ၁.၄ | ၉၇၉၄၁.၀ | ၁.၄ | ၅.၅ |
| ၅ | ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၁၀၅၃၇၀.၁ | ၁.၆ | ၁၁၃၇၄၈.၆ | ၁.၆ | ၈.၀ |